# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 20, 2020 Volume 31, Number 12


| ၂၀.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၄/- ကျပ် |
| CBM Rate | = ၁၄၀၇.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၃.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၃.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၇.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၁.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၂၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကြောင့် ယခုနှစ် မြန်မာ့စီးပွားရေး ၂ ရာခိုင်နှုန်းခန့်ကျဆင်းမည်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်



COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် စိန်ခေါ်မှုအသစ်များ ကြုံလာရပြီး ယခုဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှု ၂ ရာခိုင်နှုန်းခန့် လျော့နည်းမည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး COVID-19 ကြောင့် ၄ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျမည်ဟုဆိုထားသည်။ အစိုးရ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စီးပွားရေးတစ်ခုလုံးကို တိုင်းတာသည့် (GDP)တန်ဖိုးကို ကျပ် ၁၁၉ ထရီလီယံလျာထားသည်။ ၎င်းပမာဏသည် ကန်ဒေါ်လာ ၇၈ ဘီလီယံ ကျော်သည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ GDP တန်ဖိုးသည် ကန်ဒေါ်လာ သုံးဘီလီယံခွဲကျော်သာ တိုးတက်နိုင်ခြေရှိသည်ဟုဆိုသည်။ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း မြန်မာနိုင်ငံ၏စီးပွားရေးကို ယခုဘဏ္ဍာနှစ် တွင် ၂ ဒသမ ၈ ဘီလီယံ လျော့နည်းမည်ဟုခန့်မှန်းထားသည်။ ထို့အပြင် COVID-19 ရောဂါကြောင့် စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို လုပ်ငန်းကဏ္ဍသုံးခုတွင် ပါဝင်နေသော လုပ်သားများက ခံစားရမည်ဟုဆိုထားသည်။ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ဟု စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းကပြောသည်။

စိုက်ပျိုးရေး၊ အထည်ချုပ်နှင့်ခရီးသွားကဏ္ဍမှနွမ်းပါးပြီး ထိခိုက်လွယ်သော လုပ်သားများက နောက်ဆက်တွဲဆိုးကျိုးများ ခံစားရမည်ဟု ကမ္ဘာ့ဘဏ်အုပ်စု၏ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ ဌာနေကိုယ်စားလှယ် မစ်ယွမ်ရှူကဆိုသည်။ ထို့အပြင် COVID-19 ကပ်ရောဂါကြောင့် အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများအပေါ် ခြိမ်းခြောက်မှုပိုမိုကြီးမားသဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပုဂ္ဂလိကစီးပွားရေး

ကဏ္ဍကို အကောင်အထည်ဖော်ရန်လိုအပ်သည်ဟု ၎င်းကပြောသည်။ လက်ရှိကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၏ COVID-19 ရောဂါတိုက်ဖျက်ရေးတွင် ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများအတွက် ချေးငွေ ကန်ဒေါ်လာ သန်း ၅၀ ကို ထုတ်ချေးရန် သဘောတူထားသည်။ ဆေးရုံများ ကြိုတင်ပြင်ဆင်မှုဆောင်ရွက်နိုင်ရေးအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ ရောဂါကာကွယ်ရေး၊ ရောဂါကူး စက်ခံစားသူများနှင့် သေဆုံးမှုများလျှော့ချရေး လုပ်ငန်းများဆောင်ရွက်ရန် ချေးငွေပေးခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကဆိုထားသည်။ ကမ္ဘာ့ဘဏ်က တည်ထောင်ထားသော ကပ်ရောဂါအရေးပေါ်ဘဏ္ဍာရေး ပံ့ပိုးမှုအစီအစဉ်မှ မြန်မာနိုင်ငံအတွက် ထောက်ပံ့ငွေ ဒေါ်လာရှစ်သန်းရရှိထားသည်။

**Source:** https://7day.news/detail?id=186606

## WTI ရေနံဈေး တစ်စည် ၃၂ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်တွင် စက်သုံးဆီဈေးနှုန်းများ နှစ်ပတ်အတွင်း တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၈၀ အထိ ပြန်လည်မြင့်တက်



WTI ရေနံဈေးသည် မေ ၁၉ ရက်တွင် တစ်စည် ၃၂ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်း ဈေးကွက်တွင် စက်သုံးဆီဈေးနှုန်းများ နှစ်ပတ်အတွင်း တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၈၀ အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်နှင့် မေ ၁၉ ရက် စက်သုံးဆီဈေးနှုန်းများကို နှိုင်းယှဉ်ပါက 92 Ron တစ်လီတာ ကျပ် ၈၀၊ 95 Ron တစ်လီတာ ၆၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၃၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။ WTI ရေနံဈေးသည် ဧပြီတတိယပတ်တွင် သုညဒေါ်လာနှုန်းအောက် ကျဆင်းခဲ့ပြီး ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများ ငါးလနီးပါး (ဇန်နဝါရီ ၈ ရက်မှ မေ ၁ ရက်အထိ) အတွင်း တစ်လီတာ ကျပ် ၅၅၀ မှ ၆၀၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။

WTI ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက် ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အ ထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင် ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ၊ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ် လာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၅၃ ဒေါ်လာ၊ မတ် ၇ ရက်တွင် ၄၁ ဒေါ်လာ၊ မတ် ၁၈ ရက် တွင် ဒေါ်လာ ၂၀ ဝန်းကျင်၊ ဧပြီ ၂၀ ရက်တွင် သုညဒေါ်လာအောက် ကျဆင်းခဲ့သည်။

မေ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ်၄၇၀ (တစ်ဂါလန် ၂၁၃၆ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၄၈၀ (တစ်ဂါလန် ၂၁၈၂ ကျပ်)၊ အောက် တိန်း 92 Ron တစ်လီတာ ကျပ် ၃၈၀ (တစ် ဂါလန် ၁၇၂၇ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၃ ကျပ်) ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်နှင့် မေ ၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော တစ်လီတာ ဈေးနှုန်းများနှိုင်းယှဉ်ပါက ဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ ၈၃ ရာခိုင်နှုန်း)၊ ပရီမီယံဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ ၂၇ ရာ ခိုင်နှုန်း)၊ အောက်တိန်း 92 Ron ၆၀၅ ကျပ် (၆၆ ဒသမ ၈၅ ရာခိုင်နှုန်း)၊ အောက်တိန်း 95 Ron ကျပ် ၅၆၀ (၅၆ ဒသမ ၂၈ ရာခိုင်နှုန်း) အထိ ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန် တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက် သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့် တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်း များ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန် (၂၁ ရက် အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည် မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့ သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက် တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တို ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိမြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း တစ်လီတာ ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်မှ မေ ၁ ရက်အတွင်း တစ်လီတာ ကျပ် ၅၅၀ မှ ၆၀၅ ကျပ်အထိ ပြန်လည်ကျဆင်းကာ မေ ၆ ရက်မှ မေ ၁၉ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၈၀ အထိ ပြန်တက်ခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင်ဖြစ်ပေါ်သော စက်သုံးဆီ လက်လီဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်)၊ ပရီမီယံဒီ ဇယ်တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၆၅၀ (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်သည်။

**Source:** https://news-eleven.com/article/174481

## ကိုဗစ်ကာလ မြန်မာ့ရေထွက်ကုန်တင်ပို့မှု ယခင်နှစ်ထက် ပိုတိုးတက်လာ



ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်း အများစုသည် အကျဘက်သို့ရောက်ရှိနေသော်လည်း နိုင်ငံတကာဈေးကွက်သို့ ရေထွက်ကုန်တင်ပို့မှုသည် ယခင်နှစ်ကထက် ပိုမိုတိုးတက်လာနိုင်သည့် အခြေအနေရှိကြောင်းသိရသည်။ ယခုဘဏ္ဍာနှစ်မှ မေလ ၈ ရက်အထိ မြန်မာ့ရေထွက်ကုန် ပြည်ပတင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ဖိုးနီးပါးအထိ တင်ပို့ထားနိုင်ခဲ့ပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် ကာလတူကထက် အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

COVID- 19 ရောဂါကြောင့် နိုင်ငံတကာနှင့် ပြည်တွင်း၌ ကန့်သတ်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သော မတ်လနှင့် ဧပြီလအတွင်း၌ အနောက်နိုင်ငံများသို့ အဓိကတင်ပို့သော ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းသည် တုံ့ဆိုင်းသွားခဲ့သော်လည်း တရုတ်(မူဆယ်)နှင့် ထိုင်းနိုင်ငံ(ကော့သောင်း) ဈေးကွက်သို့တင်ပို့နေသော ကုန်သွယ်ရေးမှာတိုးတက်ခဲ့ခြင်းကြောင့် ပြည်ပတင်ပို့မှုတိုးလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဧရာဝတီသို့ ပြောသည်။ ၎င်းက “စားသောက်ကုန်တွေဖြစ်တဲ့အတွက် ကျနော်တို့ရဲ့ အဓိကဖောက်သည်တွေ တရုတ်နဲ့ထိုင်းက ခဏပဲ အဝယ်ရပ်သွားခဲ့တာ။ နောက်တော့ ပုံမှန်ပြန်ဝယ်တာပဲ။ ကိုဗစ်အလွန်မှာ စားနပ်ရိက္ခာဖြစ်တဲ့ ငါး ပုစွန်ရောင်းဝယ်မှုက ကမ္ဘာ့ဈေးကွက်မှာလည်း ဝယ်လိုအား သိသိသာသာတက်လာလိမ့်မယ်လို့ မျှော်မှန်းထားတယ်။ အဲဒီအတွက်လည်း အခုကာလမှာ ကျနော်တို့ အားယူနေတယ်” ဟုဆိုသည်။ ၎င်းကဆက်လက်၍ “ ရေထွက်ကုန်တင်ပို့မှုက တနှစ်ထက်တနှစ် တိုးတက်လာတာရယ်၊ အခု ကိုဗစ်ကြောင့်လည်း ပိုတိုးတက်သွားမယ့် အနေအထားရှိတာကြောင့် ဒီနှစ်က အရင်နှစ်ကထက်ထပ်ပြီး တိုးတက်လာနိုင်မယ်လို့ ထင်တယ်” ဟု ပြောဆိုသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်

တင်ပို့မှုသည် အမေရိကန် ဒေါ်လာသန်း ၇၂၈ သန်းကျော်ရှိပြီး ပမာဏအားဖြင့် မက်ထရစ်တန်ချိန်ပေါင်း ၅ သိန်း ၉ သောင်းကျော်တင်ပို့နိုင်ခဲ့သည်။ ထိုပမာဏသည် ၅ နှစ်အတွင်း စံချိန်သစ်တင်နိုင်ခဲ့သည့် ပမာဏလည်းဖြစ်သည်။

ရေထွက်ကုန် ပြည်ပတင်ပို့သည့် ကုမ္ပဏီတခု၏ တာဝန်ရှိသူတဦးက "ဒီကာလမှာက ကိန်းဂဏန်းတွေ တက်နေပေမယ့် အမှန်တကယ် ကောင်းတယ်လို့ မခေါ်နိုင်ဘူးပေါ့။ ပြည်တွင်းမှာလည်း ဟိုပိတ် ဒီပိတ်ဆိုတော့ ကုန်ကြမ်းရရှိမှုက နည်းနည်း ရှားနေတာရယ် နယ်စပ်ကုန်သွယ်ရေးတွေမှာလည်း အားလုံးပိတ်ချလိုက်တဲ့ အချိန်မှာ အကုန် ရပ်ကုန်တာတွေ လည်းရှိပါတယ်။ အရင်ထက်စာရင်တော့ ကျသွားတယ်" ဟု ဧရာဝတီသို့ ပြောသည်။ သို့သော်လည်း ကိုဗစ်အလွန် ကာလတွင် လက်ရှိအချိန် ကတည်းက စားနပ်ရိက္ခာကုန်ပစ္စည်း လိုအပ်ချက်ရှိနေပြီ ဖြစ်သော နိုင်ငံတကာ ဈေးကွက်တွင် မြန်မာ့ရေထွက်ကုန်များအတွက် အခွင့်အလမ်း တော်တော်များများရှိနေကြောင်း ၎င်းကခန့်မှန်းသည်။ မတ်လနှင့် ဧပြီလအတွင်းက ဝယ်ယူမှု အမှာစာလျော့ချခြင်း၊ ရပ်ဆိုင်းခြင်းနှင့်ရွှေ့ဆိုင်းမှုများလုပ်ဆောင်ခြင်းတို့ကြောင့် ရပ်ဆိုင်းခဲ့ရသော ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းသည်လည်း ယခု မေလအတွင်းတွင် ၅၀ ရာခိုင်နှုန်းခန့် ပြန်လည်စတင်နေပြီဖြစ်ခြင်းကြောင့် အလုပ်ရပ်ဆိုင်း ထားရသည့် ရေထွက်ကုန်အအေးခန်း စက်ရုံအများစုသည် လုပ်ငန်းများ ပြန်စတင် နေရပြီဖြစ်ကြောင်းသိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဒုအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက "ဒီရေထွက်ကုန်တွေက ကိုဗစ်မဖြစ်ခင်ကတည်းက ဖမ်းထားဆီးထားပြီး သိုလှောင်ထားတာဆိုတော့ ကိုဗစ်ဖြစ်ပေမယ့်လည်း တင်ပို့ထားပြီးဖြစ်တဲ့ ကွန်တိန်နာတွေရဲ့ ကိန်းဂဏန်းတွေကြောင့်မကျသေးတာပါ။ အခု ၁ လ ၂ လလောက်ကတော့ အရင်ဟာတွေရဲ့ အရှိန်နဲ့ ရှိနေတော့ နောက်ပိုင်းလတွေကို ဆက်စောင့်ကြည့်ဖို့လိုမယ်" ဟု ဧရာဝတီသို့ သုံးသပ်ပြောသည်။ လက်ရှိ အခြေအနေများအရ ယခုဘဏ္ဍာနှစ်တွင် မြန်မာ့ ရေထွက်ကုန် တင်ပို့နိုင်မှု ပမာဏသည် ယခင်နှစ်ကထက် ပိုမို မြင့်တက်သွားရန် မရှိနိုင်သေးဘဲ ပြီးခဲ့သည့်နှစ်က တင်ပို့နိုင်ခဲ့သည့် အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ခန့် ရရှိနိုင်ကြောင်း ၎င်းကဆိုသည်။ မြန်မာ့ ရေထွက်ကုန်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကျော်သည် တရုတ်ဈေးကွက်သို့ အဓိက တင်ပို့လျက်ရှိပြီး ယင်းနောက်တွင် ထိုင်းနိုင်ငံ၊ ဂျပန်နှင့်အီးယူနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့လျက်ရှိကာ ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်၊ ငါးရှဉ့်၊ ပုစွန်နှင့် ဂဏန်းအပြင် အခြားရေထွက်ကုန်များကို တင်ပို့လျက်ရှိသည်။

**Source:** https://burma.irrawaddy.com/news/2020/05/19/222888.html

## တရုတ်သို့ ရေထွက်ကုန် တိုးချဲ့တင်ပို့ရေးအစိုးရတွန်းအားပေးလုပ်ဆောင်ရန် လိုအပ်ဟုဆို



မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ရေထွက်ကုန်ဈေးကွက် တစ်ခုဖြစ်သော တရုတ်နိုင်ငံသို့ပို့ကုန်ပမာဏတိုးမြှင့်နိုင်ရန် အစိုးရက တွန်းအားပေးလုပ်ဆောင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ ပြီးခဲ့သည့်နှစ်က မြန်မာ့ရေထွက်ကုန် ၃၀ ရာခိုင်နှုန်းခန့် ဈေးကွက်ဝေစု ရယူထားသော တရုတ်နိုင်ငံနှင့် လက်ရှိတွင် ရော ဂါပိုးမွှားကင်းရှင်းရေး ဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးရန် နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများက ကြိုးပမ်း နေသည်။ မြန်မာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန် ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်အခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တို့က ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ''အစိုးရဘက်က ကြားဝင် ညှိပေးဖို့ကို အသင်းချုပ်ကလည်း တောက်လျှောက်တောင်းဆို တင်ပြနေပါတယ်''ဟု ဦးဝင်းကြိုင်က ပြောသည်။

တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပမာဏ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကို တင်ပြတောင်းဆိုထားကြောင်း ၎င်းက ဆိုသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိထားပြီး တရုတ်တစ်နိုင်ငံတည်း တင်ပို့မှုမှ ဒေါ်လာသန်း ၂၀၀ ကျော်ရရှိထားသည်။ လက်ရှိ တရုတ်ကုန်သည်များက မြန်မာ

နိုင်ငံမှ ရေထွက်ကုန်ကိုဝယ်ယူရာတွင် ပင်လယ်မှဖမ်းဆီးရမိသော ငါး၊ ပုစွန်၊ ကင်း မွန်စသော ရေထွက်ကုန်များသာဝယ်ယူပြီး ပြည်တွင်းမွေးမြူရေးမှ ကဏန်းပျော့တစ်မျိုးကိုသာဝယ်သည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန် ဧက ၂၄၀,၀၀၀ နှင့် ပုစွန်မွေးမြူရေးကန် ဧက ၂၄၀,၀၀၀ ကျော်ရှိသည်။ မွေးမြူရေး ငါး၊ ပုစွန်များကို ပြည်တွင်းစားသုံးမှုအတွက်သာမက တရုတ်နိုင်ငံမပါ အခြားသောနိုင်ငံပေါင်း ၄၄ နိုင်ငံကို တင်ပို့နေ သည်။ မြန်မာ့ရေထွက်ကုန်များကို ထိုင်းနိုင်ငံသို့အများဆုံးတင်ပို့ပြီး တရုတ်အပါအဝင် အရှေ့အလယ်ပိုင်းဒေသမှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ကို တင်ပို့နေသည်။ မွေးမြူရေး ရေထွက်ကုန်ကို ပြီးခဲ့သည့် နှစ်လယ်ပိုင်းကစတင်ပြီး ဥရောပသမဂ္ဂ (အီးယူ) မှ အခွန်သက်သာခွင့် (GSP) ပေးထားခြင်းကြောင့် ရေထွက်ကုန်တင်ပို့မှုက အလားအလာကောင်းများရှိနေကြောင်း ရေထွက်ကုန်လုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=186567

## ဒေါ်လာဈေး အနည်းငယ်ပြန်တက်

ရွှေဈေးကွက်ဖွင့်လှစ်ပြီးနောက် ပြည်တွင်းရွှေဈေး ပြန်ကျချိန်တွင် ဒေါ်လာတန်ဖိုးက မေလ ၁၉ရက်တွင် ၁,၄၁၇ ကျပ်သို့အနည်းငယ်တက်လာသည်။ မေလ ၁၈ရက်က တစ်ဒေါ်လာ ၁,၄၁၀ ကျပ်ဈေးရှိခဲ့သည်။ ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်တက်သော်လည်း မေလ ၁၉ရက်တွင် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းက တစ်ဒေါ်လာ ၁,၄၁၀ ကျပ်သတ်မှတ် သည်။

လက်ရှိ ပြည်တွင်းငွေကြေး ဈေးကွက်သည် အရောင်းအဝယ် အနည်းငယ်ဖြင့် လှုပ်ရှားနေရ ကြောင်း ငွေလဲဝန်ဆောင်မှုလုပ်ကိုင်သူအချို့ကပြောသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်ပတ်လာမည်ဆိုပါက ငွေကြေးဈေးကွက်တွင် အပြောင်းအလဲအချို့ရှိလာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** https://7day.news/detail?id=186607

## ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်အေးနေပြီး ကုန်စည်စီးဆင်းမှုရပ်တန့်မသွားရန် ကြိုးစားနေရ




ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်တွင် အရောင်းအဝယ်အေးနေပြီး ကုန်စည်စီးဆင်းမှုများ ရပ်တန့်မသွားစေရန်ကြိုးစားနေရကြောင်း အဆိုပါကုန်စည်ဒိုင်အသိုင်းအဝိုင်းမှသိရသည်။ "ကိုဗစ်ကာလမှာတော့ အရောင်းအဝယ်တွေအားလုံးကတော့ အေးတယ်။ အိန္ဒိယဘက်က ဝယ်ယူမှုပုံစံကလည်း အေးတာကို ကုန်စည်ဒိုင်မှာဆိုရင်လည်း လူလူချင်းထိတွေ့မှုနည်းအောင်ဆိုပြီးတော့ ပွဲစားတွေပဲ ၁၁ နာရီကနေ ၁ နာရီလောက်ထိကို အရောင်းအဝယ်မပြတ်အောင် ဖုန်းကနေတစ်ဆင့်ဆောင်ရွက်နေရတယ်။ အရင်ကို ကုန်စည်ဒိုင်မှာ လူစုလူဝေးနဲ့ လုပ်ကိုင်တာမျိုးမရှိသေးဘူး"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အတွင်းရေးမှူးဦးမင်းကိုဦးကပြောသည်။

ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် ဆိုင်ခန်းအချို့ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မတ်ပဲ၊ ပဲစင်းငုံများကို ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။ သတ်မှတ်ချိန်အတွင်း မိုဘိုင်းဖုန်းများမှတစ်ဆင့် ချိတ်ဆက်ရောင်းဝယ်နေပြီး ကုမ္ပဏီများကလည်း တိုက်ရိုက်ဝယ်ယူမှုများရှိကြောင်းသိရသည်။ "ဖုန်းနဲ့ရောင်းရတာဖြစ်လို့ အရင်ကထက်စာရင်တော့ အရောင်းအဝယ်က ၅၀ ရာခိုင်နှုန်း လောက်ကျသွားတယ်။ ဒါပေမယ့်အရောင်းအဝယ်ကတော့ ရပ်လို့မရဘူး။ လုပ်နေရတုန်းဘဲ။ ရန်ကုန်မှာရှိတဲ့ကုန်စည်ဒိုင်တွေကရောင်းပေးမှ နယ်ကတင်ပို့သူတွေအဆင်ပြေမှာဆိုတော့ ပုံမှန်အရောင်းအဝယ်မပြတ် အောင်ထိန်းလုပ်နေရတယ်"ဟု ဦးမင်းကိုဦးက ပြောသည်။ ပဲကို ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့ရပြီး လက်တလောတွင် အိန္ဒိယပါကစ္စတန်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အမှာစာများကြောင့် တင်ပို့နေခြင်းဖြစ်သည်။ သို့သော်လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ တွင်ကျယ်စွာ ပြန်လည် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ဈေးကွက်တွင်လည်း မေလအစောပိုင်းအထိ ပို့ဆောင်ရေးအခက်အခဲများ ရှိနေသောကြောင့် နယ်ဒေသများသို့ မပို့နိုင်ဖြစ်နေရာမှ မေလ ၁၀ ရက်နောက်ပိုင်းတွင် ကုန်တင်ကားများနှင့်ခရီးသည်တင်ကား အနည်းစု ပြန်လည်ပြေးဆွဲလာသည့်အတွက် ကုန်စည်များကို သယ်ယူပို့ဆောင်ခွင့် အနည်းငယ်ရရှိလာကြောင်းသိရသည်။ "တင်ပို့တာကိုတော့ အနည်းအကျဉ်းလောက်ဘဲ လုပ်နိုင်သေးတာပါ။ ထုတ်လုပ်မှုပိုင်းဆိုရင်လည်း လုပ်သားတွေက ရွာပြန်သွားကြတော့ ပြန်လာဖို့ အခက်အခဲတွေရှိနေတယ်။ ထုတ်လုပ်ရေးလုပ်ငန်းတွေကိုတော့ မစတင်နိုင်သေးဘူး။ အရောင်းအဝယ်လည်းပါးပြီး ဝယ်လိုအားလည်း နည်းနေတာတာကြောင့် ထုတ်လုပ်မှုလည်း နည်းနေသေးတယ်"ဟု ဘုရင့်နောင်ပွဲရုံမှ ငါးပိ၊ ငါးခြောက် လုပ်ငန်းရှင် ဦးထွန်းစိန်ကပြောသည်။

လာမည့်ကာလတွင်လည်း ငါးမဖမ်းရရာသီရောက်ရှိတော့မည်ဖြစ်သောကြောင့် သိုလှောင်ထားသည့် ငါးများနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ပြီး အရောင်းအဝယ်များ ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းကာ လုပ်ငန်းများပြန်လည်ပတ်နိုင်ရန် ပြင်ဆင်ထားကြောင်း ငါးပိ၊ ငါးခြောက်လုပ်ငန်းရှင်များကပြောသည်။ ရန်ကုန်မြို့၊ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဆန်ပွဲရုံ ၂၀၀ ကျော်၊ ငါးခြောက်ပွဲရုံ ၁၅၀ ကျော်၊ ငရုတ်၊ ကြက်သွန်၊ ဆား စသည့် ပွဲရုံ၄၀၀ ကျော်အပြင် ပွဲရုံလုပ်ငန်းများနှင့်ချိတ်ဆက်၍ ဆောင်ရွက်နေသည့် ဘဏ်ခွဲပေါင်း၂၀ ကျော်ရှိပြီး အခြေခံစားသောက်ကုန်များကို ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချပေးနေသည့် အဓိကကုန်စည်ဒိုင်ကြီးတစ်ခုဖြစ်သည်။

**Source:** http://htwettoe.com/article-details/news/9311308

## အညာဒေသထွက် ပဲတီစိမ်းအသစ်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့်ဈေးကျဆင်း




ယခုရက်ပိုင်းအတွင်း မန္တလေးကုန်စည်ဒိုင် အွန်လိုင်းဈေးကွက်တွင် အညာဒေသထွက် ပဲတီစိမ်းအသစ် သုံးတင်းဝင်တစ်အိတ်လျှင်ကျပ် ၅၀၀၀ ခန့်ဈေးကျဆင်းနေကြောင်းပဲ၊ နှမ်းကုန်သည်များထံမှသိရသည်။ မန္တလေး ကုန်စည်ဒိုင်တွင် ပဲတီစိမ်းအညာသုံးတင်းဝင် တစ်အိတ်လျှင် မေလ ၁၅ ရက်က အမြင့်ဆုံး ဈေးနှုန်းမှာ၁၁၅၀၀၀ကျပ်ရှိခဲ့ပြီးမေလ ၁၆ နှင့် ၁၇ ရက်တို့တွင် ၁၁၀၀၀၀ ကျပ်သာရှိတော့ကြောင်းသိရသည်။ တရုတ် ငွေဈေးကျဆင်းမှုကြောင့် ပဲတီစိမ်းဈေးနှုန်းကျဆင်းရခြင်းဖြစ်ပြီး အသစ်ပေါ်ချိန် ဈေးကွက်အတွင်း ရောင်းလိုအားများလာသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်ကြောင်းပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးချွန်ကပြောသည်။"ငွေဈေးကျတော့ တရုတ်ဝယ်လက်က ဈေးဆစ်တယ်။ ရောင်းတဲ့သူကလည်း ငွေမစောင့်နိုင်တော့ ရောင်းသွားတယ်။ ငွေစောင့်နိုင်တဲ့သူမို့ မရောင်းပဲတောင့်ခံနိုင်တဲ့သူလည်း ရှိမှာပေါ့နော်။ ဒီရာသီက တောင်သူက ငွေလိုတော့ ပွဲရုံသေးလေးတွေကျတော့လည်း မအောင့်နိုင်ကျတော့ ရောင်းရတာပေါ့။ ဒီဘက်က တရုတ်ကိုသွားတဲ့ ကုန်စည်ပို့ဆောင်မှု ကြန့်ကြာမှုကြောင့်လည်းပါတယ်"ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံ၏ ဝယ်လိုအားပုံမှန်ရှိနေကြောင်း၊ ဈေးကွက်လိုအပ်ချက်လည်းရှိနေပြီး လတ်တလောအနေအထားအရ ပဲတီစိမ်းဈေးနှုန်းအတက်အကျသည် တရုတ်ငွေဈေးအပေါ် မူတည်နေကြောင်းပဲ၊ နှမ်းကုန်သည်အချို့က သုံးသပ်ကြသည်။မေလ ၁၇ ရက်တွင် တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာငွေ ၁၉၇ ကျပ် လဲလှယ်နှုန်းရှိကြောင်း ဗဟိုဘဏ်မှသိရသည်။ ယခုတစ်ရက်၊ နှစ်ရက်အတွင်း ပဲတီစိမ်းတစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ခန့်ကျဆင်းခဲ့ကြောင်း၊ တရုတ်သို့ ပို့ဆောင်သည့် ကုန်စည်ပို့ဆောင်ခစရိတ်များ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းကျဆင်းစေကြောင်း စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောကြားသည်။ "ငွေဈေးကျတာလည်း ပါတယ်။ကုန်စည်ပို့ဆောင်ခ ဈေးတက်လာတော့ ဒီဘက်က ပဲကိုဈေးနည်းနည်းချဝယ်ကြတယ်"ဟု ၎င်းကပြောသည်။

**Source:** http://htwettoe.com/article-details/education/9325643

## ပြန်လည်ရောင်းချသူများနေသော်လည်း ရွှေဈေးတက်

ပြည်တွင်း ရွှေဈေးကွက်အတွင်း ပြန်လည် ရောင်းချနေမှုများ ရှိသော်လည်း ကမ္ဘာ့ရွှေဈေးမြင့်တက်ခြင်းကြောင့် မြန်မာ့ရွှေဈေးလည်းမြင့်တက်နေကြောင်း ဈေးကွက်အတွင်းက စုံစမ်းသိရှိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "မေ ၁၈ ရက် မနက် ဈေးကွက်စဖွင့်တော့ ကမ္ဘာ့ရွှေ တအောင်စ ၄၅၀၀ နဲ့ မြန်မာ့ရွှေ ၁ ကျပ်သား ၁၂ သိန်း ၄ ထောင် ၅ ရာကျပ်နဲ့ စဖွင့်ပါတယ်။ တက်လာတာကတော့ နိုင်ငံတကာ ရွှေဈေးကွက်မှာ တက်လာလို့ ဖြစ်ပါတယ်။ ပြည်တွင်းမှာတော့ ရွှေက ရောင်းလိုအားများတယ်။ ဒါကြောင့်လည်း နည်းနည်းလောက် ညနေပိုင်းမှာပြန်ကျသွားတာ ဖြစ်တယ်။ ဒါပေမယ့် ဈေးကတော့ မြင့်နေသေးတယ်" ဟု ဧရာဝတီသို့ပြောသည်။

မေလ ၁၉ ရက် မနက်ပိုင်းတွင် ကမ္ဘာ့ရွှေ ၁ အောင်စ အမေရိကန် ဒေါ်လာ ၁၇၃၈ နှင့် မြန်မာ့ အကယ်ဒမီ အခေါက်ရွှေ ၁ ကျပ်သား ကျပ် ၁၂ သိန်း ၂ သောင်းကျော်နှင့် ဈေးကွက် စဖွင့်ထားကြောင်း အသင်းရုံးစာရင်းများအရသိရသည်။ COVID-19 ကြောင့် မြန်မာ့ရွှေဈေး မပိတ်မီ မတ်လ ၂၇ ရက်က ကမ္ဘာ့ရွှေ ၁ အောင်စ အမေရိကန် ၁၆၁၈ ဒေါ်လာ ရှိခဲ့ပြီး မြန်မာ့ အကယ်ဒမီ အခေါက်ရွှေ ၁ ကျပ်သား ကျပ် ၁၁ သိန်း ၆ သောင်းကျော်ရှိခဲ့ရာမှ ယခု ရွှေဈေးကွက် ဖွင့်ချိန်တွင် ဈေး ပြန်တက်ခဲ့နေခြင်း ဖြစ်သည်။ ယခု တပတ်ကျော်အတွင်း၌ ရွှေ ၁ ကျပ်သားလျှင် ကျပ် ၅ သောင်းမှ ၆ သောင်းအထိ ဈေးတက်လာပြီး ပြန်လည် ရောင်းချသူများလည်း များနေသည်ဟု ဦးဝင်းမြင့်ကပြောသည်။ လတ်တလောတွင် ပြည်တွင်း ရွှေဈေးကွက်အတွင်း ဝယ်ယူလိုသူနည်းပါးပြီး ရောင်းလိုအားများနေသောကြောင့် ရွှေဈေးကျနိုင်သည်ဟု ခန့်မှန်းထားကြသော်လည်း ကမ္ဘာ့ရွှေဈေးမှာ မြင့်တက်နေခြင်းကြောင့် မြန်မာ့ရွှေဈေး ကျပ် ၁၂ သိန်း အကျော်တွင်သာရှိနေနိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ထားသည်။ တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ကိုဇော်အောင်က "မနေ့ကတော့ တော်တော်တက်တယ်။ ကျပ် ၁၂ သိန်း ၃ သောင်းကျော်အထိရှိတယ်။ ဒီနေ့ကတော့ ၁၂ သိန်းနဲ့ ၂ သောင်းကျော်ရှိတယ်။ ကျပ် ၁ သောင်းလောက်တော့ ပြန်ကျတယ်။ ကမ္ဘာ့ရွှေဈေး ကလည်း ပြန်ကျလို့ဖြစ်တယ်။ ဒါကတော့ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေပေါ်မှာမူတယ်။ ပြည်တွင်းမှာကတော့ လိုက် ရောင်းတဲ့သူများတယ်။ ဝယ်တဲ့သူသိပ်မရှိပါဘူး။ အခုဈေးကတော့ အမြင့်ဈေးလို့ပြောလို့ရတယ်"ဟု လက်ရှိအခြေအနေကိုရှင်းပြသည်။

ဈေးကွက်အတွင်း၌ ငွေလို၍ လာရောက်ရောင်းချသူများ အများအပြားရှိပြီး ၁၅ ပဲရည် လက်ဝတ်ရတနာအထည်ဈေးမှာ ကျပ် ၁၁ သိန်း ၃ သောင်းဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းကပြောသည်။ ယခုအချိန်တွင် ငွေလို၍ ရောင်းသည့်သူမှ လွဲ၍ အရောင်းအဝယ်မလုပ်သင့်သေးကြောင်း ၎င်းကဆိုသည်။ မန္တလေးမြို့ အောင်သမာဓိရွှေဆိုင်မှ မမဇင်က "မန္တလေးဈေးက အနည်းဆုံး ကျပ် ၁၀၀၀ နဲ့ ကျပ် ၁၅၀၀ လောက်တော့ ရန်ကုန်ဈေးထက်နိမ့်တယ်။ အရောင်းအဝယ်ကတော့ ဈေးနည်းနည်း တက်တယ်။ ရောင်းဈေးက ကျပ် ၁၂ သိန်း ၃ သောင်းအထက်နဲ့ ဝယ်ဈေးကတော့ ကျပ် ၁၂ သိန်း ၃ အောက်မှာ ရှိတယ်။ အသွင်းများပါတယ်" ဟု ဧရာဝတီသို့ပြောသည်။

ကမ္ဘာ့ရွှေဈေးတက်သဖြင့် မြန်မာ့ရွှေဈေးမြင့်နေပြီး လက်ရှိဈေးကွက်အတွင်း ရွှေဝင်ရောက်မှုလည်း များနေကြောင်း ၎င်းက ဆိုသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေအသင်းရုံး ရွှေကုန်စည်ဒိုင်ကို မတ်လ ၂၉ ရက်ကစတင်၍ ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ယခု ပြန်လည် ဖွင့်လှစ်သည့် အချိန်တွင်လည်း ကျန်းမာရေးနှင့် ပတ်သက်သော လမ်းညွှန်ချက်များလိုက်နာရန်၊ အလုပ်ချိန် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိသတ်မှတ်ခြင်း၊ ရွှေဝယ်သည့် အခါတွင်လည်း လက်ငင်းငွေချေသည့်စနစ်ကို အသုံးပြုရန်စသည့် အချက်များကိုသတ်မှတ်ထားပြီး ယင်းစည်းကမ်းချက်များမလိုက်နာလျှင် တစ်လအသင်းရုံးခန်းဝင်ခွင့်ရပ်ဆိုင်းခြင်းခံရမည် ဖြစ်ကြောင်း သိရသည်။

**Source:** https://burma.irrawaddy.com/business/2020/05/19/222931.html

## ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာသည့်အတွက် မြန်မာ့စက်သုံးဆီဈေးနှုန်းများအနည်းငယ်မြင့်တက်လာ

ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာသည့်အတွက် မြန်မာ့စက်သုံးဆီဈေးနှုန်းများ တစ်လီတာလျှင် ကျပ် ၁၀၀ နှင့်အထက် အနည်းငယ်ဈေးမြင့်တက်သွားခဲ့ကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ မေ ၁၉ ရက်တွင်ပြောသည်။ ၎င်းက "ကမ္ဘာ့ဈေးကွက်မှာ ဈေးပြန်တက်လို့ မြန်မာမှာလည်းဈေးလိုက်တက်တာပါ။

ဈေးတက်တာ ၇ ရက်လောက်ပဲ ရှိပါသေးတယ်’’ဟုပြောသည်။ ကမ္ဘာ့နိုင်ငံများတွင် စက်သုံးဆီဈေးနှုန်း တစ်ရိပ်ရိပ်ပြန်တက်လာပြီး မေ ၁၉ ရက်တွင် ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် ၃၂ ဒသမ ၁၈ ဒေါ်လာထိ ဈေးပေါက်ခဲ့ကြောင်းသိရသည်။ Mandalarian Financial Group စီးပွားရေးအကြံပေး ဦးအာကာမောင် က “စက်သုံးဆီဈေးက တစ်ရိပ်ရိပ်ပြန်တက်လာတယ်။ စက်သုံးဆီက ထပ်တက်မယ့် အလားအလာရှိသေးတယ်။ ၁ ပတ်ဝန်းကျင်လောက်ရှိပြီ။ လက်ရှိမှာ အတက်ဘက်ကို ဦးတည်နေတယ်။ အနိမ့်ဆုံး ရေနံစိမ်းတစ်စည်ဈေးနှုန်းကို ၉ဒေါ်လာအထိကျခဲ့တယ်။ အခု ၃၂ဒသမ၁၈ ဒေါ်လာအထိ ပြန်တက်လာပါတယ်။ ဈေးထပ်တက်မယ် ဆိုရင် ရေနံစိမ်းတစ်စည်ကို ၃၆ဒသမ၄၅ လောက်အထိ တက်နိုင်တယ်” ဟုဆိုသည်။

မေ ၁၉ ရက်တွင် ရန်ကုန်၏ စက်သုံးဆီဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ၄၂၀ ကျပ် မှ ၄၈၀ ကျပ် ကြား၊ ပရီမီယံဒီဇယ် တစ်လီတာ ၄၃၀ ကျပ် မှ ၄၉၀ကျပ်ကြား ၊ အောက်တိန်း ၉၂တစ်လီတာ ၃၃၀ ကျပ်မှ ၃၆၀ ကျပ်ကြား၊ အောက်တိန်း ၉၅ တစ်လီတာ ၄၇၀ ကျပ်မှ ၅၀၀ ကျပ်ကြား အတက်အကျရှိကြောင်းသိရသည်။ ထူးစက်သုံးဆီဆိုင်မှ အထွေထွေမန်နေဂျာ ဦးကျော်စွာသိန်းက “အခု လူတွေ ကအပြင်နည်းနည်းပြန်ထွက်လာတော့ ကမ္ဘာ့ဈေးကွက် ပေါ်မူတည်ပြီးနည်းနည်းတက်လာတာပါ။ အရင်ဈေး ကို ပြန်မရောက်သေးပါဘူး’’ ဟု ဆိုသည်။ဧပြီ၃၀ ရက်တွင် အောက်တိန်း ၉၂တစ်လီတာ ၂၉၀ ကျပ်မှ ၃၁၀ ကျပ်ကြား၊ အောက်တိန်း ၉၅ တစ်လီတာ ၄၃၀ ကျပ်မှ ၄၅၀ ကျပ်ကြား အသီးသီးပေါက်ဈေးရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## မတ်လအတွင်း ဗြိတိန်နိုင်ငံ၏ GDP (၅.၈) ရာခိုင်နှုန်းဖြင့် မကြုံစဖူးကျဆင်းခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် ဗြိတိန်နိုင်ငံ၏ GDP မှာ ယခုနှစ်၊ မတ်လအတွင်း (၅.၈) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ လွန်ခဲ့သောနှစ်ပေါင်း (၂၀) ကျော်ကစတင်ခဲ့သည့်မှတ်တမ်းများအရ (၁) လအတွင်း အကြီးမားဆုံး ကျဆင်းခဲ့မှုဖြစ်ကြောင်း၊ ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးမှာ (၂) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ၊ အမျိုးသားစာရင်းအင်းရုံး (Office for National Statistics–ONS) မှ ထုတ်ပြန်ခဲ့သည့် စာရင်းများအရသိရှိရကြောင်း၊ ယင်းသို့ကျဆင်းခဲ့ခြင်းမှာ အမှန်တကယ်မကြုံဖူးခဲ့သည့်အခြေအနေဖြစ်ကြောင်း ONS ၏ စီးပွားရေးစာရင်းအင်းဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Jonathan Athow က ဘီဘီစီရုပ်မြင်သံကြားအစီအစဉ်သို့ ပြောကြားခဲ့ကြောင်း၊ ONS ၏ လစဉ်စာရင်းဇယားများကို ၁၉၉၇ ခုနှစ်မှစတင်၍ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကဏ္ဍအားလုံးနီးပါးအပေါ် ရိုက်ခတ်မှုရှိခဲ့သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း၊ တည်းခိုရေးနှင့်အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှာ ထိခိုက်မှုအရှိဆုံးဖြစ်ပြီး၊ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တုန့်ပြန်နိုင်ရေးအတွက် ဟိုတယ်နှင့်စားသောက်ဆိုင်များပိတ်သိမ်းထားရမှုကြောင့် ၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်အတွင်း အဆိုပါကဏ္ဍ၌ (၉.၅) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပထမသုံးလပတ်ကာလအတွင်း သတင်းအချက်အလက်နည်းပညာအထောက်အကူပြုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းနှင့် ဆပ်ပြာနှင့်သန့်ရှင်းရေးပစ္စည်းများထုတ်လုပ်ခြင်းစသည့် လုပ်ငန်းကဏ္ဍအနည်းငယ်တွင်သာ တိုးတက်မှုရှိခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်မှုအပေါ်တွင်လည်း ရိုက်ခတ်မှုရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်လများအတွင်း၌ တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှုကျဆင်းခြင်းအပါအဝင် ဗြိတိန်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန်အပိုင်း၌ကျဆင်းခဲ့ကြောင်း Jonathan Athow က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**Source:** Politico

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## Panasonic ကော်ပိုရေးရှင်းက ၂၀၂၀ ခုနှစ်တွင် ၎င်း၏အသားတင်အမြတ်ဝင်ငွေ ၂၁ % ခန့် ကျဆင်းနိုင်ကြောင်းခန့်မှန်း

Panasonic ကော်ပိုရေးရှင်းသည် ကိုရိုနာကပ်ရောဂါပြန့်ပွားမှုကြောင့် ပြည်တွင်းနှင့်ပြည်ပရှိထုတ်လုပ်မှုများ ထိခိုက်ခဲ့ရခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့်လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ဝယ်လိုအားကျဆင်းလာခဲ့ခြင်းကြောင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ၎င်း၏ အသားတင်အမြတ်ဝင်ငွေမှာ ယခင် ၂၀၁၉ ဘဏ္ဍာရေးနှစ်၏ အသားတင်အမြတ်ဝင်ငွေ ယန်း ၂၂၅.၇၁

ဘီလီယံထက် ၂၀.၆ % ခန့် ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပါသည်။ Panasonic အနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်ဝက်နောက်ပိုင်းတွင်ဝယ်လိုအားပြန်လည်မြင့်တက်လာရန် မျှော်မှန်းထားသော်လည်း ၎င်း၏ဝင်ငွေလျာထားချက်ကို ပြည့်မီနိုင်ခြင်းရှိမည်မဟုတ်ဟုခန့်မှန်းထားပါသည်။ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် Panasonic အုပ်စုသည် လုပ်ငန်းလည်ပတ်မှုအမြတ်အစွန်း ၂၈.၆ % (ယန်း ၂၉၃.၇၅ ဘီလီယံ) ခန့် လျော့ကျခဲ့ကြောင်းသိရပါသည်။

Panasonic ၏ ဘဏ္ဍာရေးအကြီးအကဲဖြစ်သူ Hirokazu Umeda က လက်ရှိဘဏ္ဍာရေးနှစ်လယ်ခန့်တွင် အခြားသောနိုင်ငံများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ကောင်းစတင်နိုင်မည်ဖြစ်သဖြင့် ၎င်းတို့၏ကုန်ပစ္စည်းများ ဝယ်လိုအားပြန်လည်မြင့်တက်လာရန် မျှော်မှန်းပါကြောင်းပြောကြားခဲ့ပါသည်။ ၂၀၂၀ နှစ်စမှစ၍ ရောင်းအား ၂၀ % ကျဆင်းခဲ့ပြီး ဧပြီလအတွင်း မြောက်အမေရိကဒေသတွင် ရောင်းအား ၅၀ % ဖြင့် အမြင့်ဆုံးကျဆင်းခဲ့ပါကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံတွင်မူ စီးပွားရေးလုပ်ငန်းများစတင်လည်ပတ်နေပြီဖြစ်သဖြင့် အခြေအနေမှာအနည်းငယ် ပြန်လည်တည်ငြိမ်လာနေပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်အတွင်း ကုမ္ပဏီအနေဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ဝယ်လိုအား ကျဆင်းမှုရင်ဆိုင်ခဲ့ရပြီး အထူးသဖြင့် ဥရောပဒေသတွင် ဝယ်လိုအား သိသိသာသာ ကျဆင်း ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံတွင်လည်း မော်တော်ကားဆက်စပ်ပစ္စည်းများ ရောင်းအားကျဆင်းခဲ့မှုနှင့်လည်းတွေ့ကြုံခဲ့ရပါသည်။ လက်ရှိတွင်ကိုရိုနာကပ်ရောဂါပြန့်ပွားမှုသည် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံးကို အဟန့်အတားဖြစ်စေပြီး နိုင်ငံအများမှအစိုးရများက stay-at-home နေထိုင်ကြရန် တိုက်တွန်းမှုများကြောင့် ကုမ္ပဏီအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုများ ရပ်ဆိုင်းထားရသကဲ့သို့ တရုတ်၊ မလေးရှားနှင့်အိန္ဒိယတို့ရှိ စက်ရုံများကိုလည်း ရပ်နားထားရကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဂယက်ကြောင့် မော်တော်ယာဉ်အစီးရေ တစ်သိန်းခွဲခန့်ထုတ်လုပ်မှုကျဆင်းခြင်းနှင့် Subaru Corporation ရင်ဆိုင်နေရ

Subaru Corporation သည် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပြီးခဲ့သည့် ၂၀၂၀၊ ဧပြီလအတွင်းက ကိုရိုနာကပ်ရောဂါပြန့်ပွားမှုကြောင့် ထုတ်လုပ်မှုများ ရပ်ဆိုင်းထားကြရသည့်အတွက် မော်တော်ယာဉ်စီးရေ တစ်သိန်းခွဲ ထုတ်လုပ်မှု ကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ၎င်း၏နှစ်စဉ်ကမ္ဘာ့ရောင်းအား၏ ၁၅ % ဝန်းကျင်ခန့်ကျဆင်းသွားမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါကော်ပိုရေးအနေဖြင့် ဆိုးရွားသည့်သက်ရောက်မှုဂယက်ကို ကြိုတင်မှန်းဆပြီး ညဆိုင်းလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို မူလက မေလ ၃၁ ရက်နေ့ထိ ရပ်နားထားရန်လျာထားသော်လည်း ဇွန်လ ၁၉ ရက်နေ့အထိ ရပ်ဆိုင်းရန် ထပ်မံတိုးမြှင့်လိုက်ပါသည်။

နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်မည့်ကိစ္စသည် မသေချာမရေရာသည့်အခြေအနေတွင်ရှိနေသေးပါကြောင်း၊ မိမိတို့အနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ်၊ မတ်လ) တွင် ကြီးမားသော သက်ရောက်မှုနှင့်ရင်ဆိုင်ရနိုင်ကြောင်းကို ကြိုတင် တွက်ဆထားရန် လိုအပ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိလုပ်ငန်းနှစ်အတွက် ဝင်ငွေခန့်မှန်းချက်ကို ကိုရိုနာကပ်ရောဂါဂယက်ကြောင့် တိတိပပခန့်မှန်းရန် မရေရာပါကြောင်း ဟု Subaru Corporation ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Tomomi Nakamura က မေလ ၁၈ ရက်နေ့ တွင် တယ်လီဖုန်းဖြင့် ချိတ်ဆက်ဆောင်ရွက်သည့် အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

Subaru သည် ပြီးခဲ့သည့် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသားတင်အမြတ်ငွေ ၇.၉ % (ယန်း ၁၅၂.၅၉ ဘီလီယံ) ခန့် မြင့်တက်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအမြတ်ဝင်ငွေ ၁၅.၇ % (ယန်း ၂၁၀.၃၂ ဘီလီယံခန့်) မြင့်တက်ခဲ့ပြီး ရောင်းရငွေ ၆.၀ % (ယန်း ၃. ၃၄ ထလီယံ) ခန့် မြင့်တက်ခဲ့ကြောင်းသိရပါသည်။

ကိုရိုနာကပ်ရောဂါပြန့်ပွားမှု၏ သက်ရောက်မှုသည် ယခု ၂၀၂၀ ဘဏ္ဍာရေးနှစ် မကုန်မီအထိ မည်သို့မည်ပုံရှိလာနိုင်ကြောင်းကို သေသေချာချာ ခန့်မှန်းနိုင်ခြင်းမရှိသေးပါကြောင်း၊ မြောက်အမေရိကဒေသတွင် ရောင်းအားများ ၆.၃ % ( အစီးရေ ၇၆၂,၀၀၀)၊ တန်ဖိုး အားဖြင့် Subaru ကုမ္ပဏီ၏ ရောင်းအားစုစုပေါင်း၏ ၇၅ % ခန့်ရှိပါကြောင်း၊ အများစုမှာ Forester

နှင့် Ascent sport utility model များပင်ဖြစ်ကြပါကြောင်း၊ ထိုပမာဏသည် ပြည်တွင်းအရောင်းပမာဏ ၇.၇ % ( အစီးရေ ၁၂၆,၀၀၀) နှင့် ညီမျှပါကြောင်း အဆိုပါ ကုမ္ပဏီကပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (20.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 2,172 | 23,281,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,750 | 3,700 | 3,827 | 14,159,950 | 38,929,150 | 144,038 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 1,444 | 34,656,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 4,853 | 13,345,150 | 12,823,224 | 35,905 |

As of 20th May. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.69 | -9.43 | -2.07% | 455.12 | 455.12 | 444.75 | 12,296 | 85,442,100 | 5 | 610,284 |

**Index chart**




## Market Overview

As of 1:00 pm, 20th May. 2020

| MYANPIX | 445.69 ▼ 9.43 |
|---|---|
| Total Volume (shares) | 12,296 |
| Total Value (MMK) | 85 mil |
| Listed Company | 5 |
| Market Cap. (MMK) | 610,284 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |